**ကရင်လက်နက်ကိုင်အဖွဲ့ (KNU/KNLA, DKBA, KNU/KNLA-PC and BGF) တို့အား နိုင်ငံ၏အာဏာကို အတင်းအဓမ္မလုယူပြီးမတရားဖိနှိပ်အုပ်စိုးသော စစ်အာဏာရှင်အစိုးရနှင့်လုံးဝပတ်သက်မှုမပြုလုပ်ရန် ကရင်လူမှုအဖွဲ့အစည်းများ ၈၅ ဖွဲ့မှ အရေးပေါ်မေတ္တာရပ်ခံတိုက်တွန်းခြင်း**

ဖေဖော်ဝါရီ (၁၄) ရက်၊ ၂၀၂၁ ခုနှစ်

၁. မြန်မာတပ်မတော်မှ ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတဦးဝင်းမြင့်အပါအဝင် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင်အနိုင်ရသော အန်အယ်ဒီပါတီထိပ်ပိုင်းခေါင်းဆောင်တို့အား ဖမ်းဆီးချုပ်နှောင်သော ဖေဖော်ဝါရီ ၁ ရက်၊ ၂၀၂၁ ခုနှစ်နေ့မှစတင်ပြီး ကျွနုပ်တို့ ကရင်လူမှုအဖွဲ့အစည်းများမှ မြန်မာပြည်၏ ဒီမိုကရေစီအုပ် ချုပ်ရေးစနစ်၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဗဟိုချုပ်ကိုင်မှုအောက်က ငြိမ်းချမ်းရေးဖြစ်စဉ်၊ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး (NCA) နှင့် ၎င်းနှင့်ဆက်စပ်သည့် လုပ်ငန်းစဉ်များအားလုံး အဆုံးသတ်သွားပြီးဖြစ်သည်ဟု မှတ်ယူသည်။

၂. ရွေးကောက်ပွဲအပြီး ဖွဲ့စည်းလိုက်သော မြန်မာ့တပ်မတော်စစ်အာဏာရှင်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီသစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်၊ ၂၀၂၁ ခုနှစ်အထိ ထပ်မံသက်တမ်းတိုးထားသောအပစ်အခတ်ရပ်စဲရေး၊ အာဏာသိမ်းထားသော မြန်မာ့တပ်မတော်စစ်ခေါင်းဆောင်မှ တိုင်းရင်းသားပါတီခေါင်းဆောင်တချို့အား ဖိတ်ခေါ်ထည့်သွင်းထားသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကော်စီ၊ ၂၀၂၁ ခုနှစ် ၇၄ ကြိမ် မြောက်ပြည်ထောင်စုနေ့တွင် ထုတ်ပြန်သော အမျိုးသားရေးဦးတည်ချက် ၅ ရပ်တို့သည် မြန်မာတပ်မတော်အဓမ္မသိမ်းထားသည့်အာဏာကို တရားဝင်ပြီး ပြည့်စုံစေရန်၊ စစ်အုပ်ချုပ်မှုအခွန့်ရှည်ကြာစေရန်နှင့် စစ်အာဏာရှင်တို့၏အကျိုးစီးပွားများကို ကာကွယ်ရန်အတွက် ပြည်သူများအား လှည့်စားသော နိုင်ငံရေးလှည့်ကွက်များဖြစ်ကြောင်း ထင်ရှားပေါ်လွင်သည်။ မြန်မာနိုင်ငံပြည်သူလူနှင့်နှင့် တိုင်ရင်းသားလူမျိုးများအတွက် အကျိုးအမြတ် တစုံတရာမရှိပါ။

၃. နိုင်ငံတော်၏အာဏာကို ဒီမိုကရေစီစနစ်နှင့်ဆန့်ကျင်စွာ အတင်းအဓမ္မသိမ်းယူလိုက်သော မြန်မာတပ်မတော်၏ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သောပြည်သူတို့၏ လမ်းပေါ်ထွက်ဆန္ဒပြမှုနှင့် အစိုးရဝန်ထမ်းတို့၏ လူထုအာဏာဖီဆန်လှုပ်ရှားမှု (Civil Disobedience Myanmar CDM) များ

တနိုင်ငံလုံးအတိုင်းအတာဖြစ်ပေါ်နေသောအချိန်တွင် ကေအဲန်ယူထိန်းချုပ်ရာ ကော်သူးလေနယ်မြေထဲတွင် မြန်မာ့တပ်မတော်၏ စစ်ရေးလှုပ်ရှားမှုနှင့် စစ်အင်အားတိုးချဲ့မှုများ၊ ပြည်သူများနေထိုင်ရာကျေးရွာများဆီသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများ၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် ထိတ်တိုင်ရင်ဆိုင်တိုက်ခိုက်ခြင်းများကို ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ပြီး ဤအခြေအနေများကြောင့် ကေအန်ယူအုပ်ချုပ်ရေးနယ်မြေများဖြစ်သည့် ညောင်လေးပင်ခရိုင် (တပ်မဟာ-၃) နှင့် မူတြော်ခရိုင် (တပ်မဟာ-၅) တို့တွင် စစ်ဘေးရှောင်ပြည်သူ ၅၀၀၀ ကျော်မှာ လုံခြုံမှုမရှိပဲ အိုးအိမ်စွန့်ခွါတိမ်းရှောင်နေရသည်။

၄. လက်ရှိ ဒီမိုကရေစီအရေးလှုပ်ရှားမှုများက "နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေး" အတွက် ရည်ရွယ်ဦးတည်သွားနေချိန်တွင် မြန်မာ့တပ်မတော်အနေဖြင့် ယင်းတို့စွပ်စွဲထားသော ရွေးကောက်ပွဲအတွင်း မဲမသမာမှုများဖြစ်ပေါ်နေခြင်းကို တရားဥပဒေနည်းလမ်းအတိုင်း ဖြေရှင်းရန်သော်လည်းကောင်း၊ တွေ့ဆုံဆွေးနွေးမှုမှတဆင့် ဖြေရှင်းရန်သော်လည်းကောင်း အခွင့်အာဏာနှင့်အခွင့်အလမ်းအပြည့်အဝရှိသည်။ ဒိပြင် မြန်မာ့တပ်မတော်အနေဖြင့် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်မှတဆင့် တိုင်းရင်းသားတော်လှန်ရေး လက်နက်ကိုင်အဖွဲ့အစည်းများနှင့် စစ်မှန်သောငြိမ်းချမ်းရေးတည်ဆောက်မှုများကို လုပ်ဆောင်နိုင်သည်။ သို့သော် အထက်ဖေါ်ပြပါနည်းလမ်းများကို တခုမှမရွေးချယ်ဘဲ ဥပဒေဘောင်ကိုကျော်ပြီး အာဏာရှင်တို့၏ဓလေ့စရိုက်အတိုင်း စစ်အာဏာသိမ်းသည့်နည်းလမ်းကို ရွေးချယ်သည့်နောက်ပိုင်းအထိ အကြမ်းဖက်မှုများကို ဆိုးဝါးစွာလုပ်ဆောင်နေသည်။

၅. အထက်ပါဖြစ်စဉ်များကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံတွင် ယခင် အရပ်သားပုံပြောင်းစစ် အစိုးလက်ထက်ကလုပ်ဆောင်ခဲ့သော ဒီမိုကရေစီနှင့် နိုင်ငံရေးလမ်းကြောင်းများအားလုံးမှာ အဆုံးသတ်ပိတ်ဆို့လိုက်ပြီးဖြစ်သည်ဟု ကျွန်ုပ်တို့ကရင့်လူမှုအဖွဲ့အစည်းများမှ သုံးသပ်ရှုမြင်သည်။ ယခုစစ်အာဏာသိမ်းခေါင်းဆောင်များ၏ အာဏာရှင်စနစ်နှင့် ဖိနှိပ်အုပ်ချုပ်မှုအောက်တွင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ထွန်းလာရေးကို တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ၊ အန်အယ်ဒီအစိုးရ၊ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာလှုပ်ရှားသော အရပ်ဖက်အဖွဲ့အစည်းများ၊ နှင့် ပြည်သူများအားလုံးမှ အင်တိုက်အားတိုက်ပါဝင်ဖေါ်ဆောင်ရန် လုံးဝမဖြစ်နိုင်တော့ပေ။ ငြိမ်းချမ်းရေးနှင့်ဒီမိုကရေစီကို အကြမ်းဖက်သောနည်းများဖြင့် ဖေါ်ဆောင်၍မရနိုင်ပါ။ စစ်အာဏာရှင်ဖိနှိပ်အုပ်ချုပ်မှုကဖန်တီးသော ဤကဲ့သို့ဖေါ်ဆောင်မှုများသည် ကျွန်ုပ်တို့၏စည်းလုံး

ညီညွတ်ရေးကိုဖြိုခွဲပြီး ပြည်တွင်းပဋိပက္ခများကို ပိုမိုဆိုးဝါးလာစေမည်သာမက အဆုံးမသတ်နိုင်သော စစ်အာဏာရှင်စနစ်ကို ဧကမုချမလွဲ သက်ဆိုးရှည်စေလိမ့်မည်။

၆. မြန်မာပြည်သူများအားလုံး၏အဓိကရန်သူဖြစ်သော မင်းအောင်လှိုင်နှင့်ယင်းအပေါင်းအပါ အာဏာရှင်တို့သည် တရားဥပဒေကိုချိုးဖျက်သူများ၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးတို့ကို ချိုးဖောက်သူများဖြစ်သည်သာမက ကမ္ဘာ့ကုလသမဂ္ဂကသတ်မှတ်ထားသည့် လူသားမျိုးနွယ်တစ်ခုလုံးကို ဆန့်ကျင်သောရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုများကိုကျူးလွန်သူများအဖြစ် နိုင်ငံတကာခုံရုံးတွင် အမှုဖွင့်ခံထားရသူများဖြစ်သည်။ လူသားမျိုးနွယ်တစ်ခုလုံးကိုဆန့်ကျင်သောစစ်ရာဇဝတ်မှုကို ကျူးလွန်သူများမှ နိုင်ငံကို ယခုလိုမတရားသိမ်းယူဖိနှိပ်အုပ်ချုပ်လိုက်သည့်အတွက် မြို့ကြီးများနှင့် ကျေးရွာများတွင်နေထိုင်ကြသော မြန်မာတနိုင်လုံးရှိ ဗမာတိုင်းရင်းသားလူမျိုးများနှင့် အခြားတိုင်းရင်းသားပြည်သူများအားလုံးမှာ ကြီးမားသော အသက်အန္တရာယ်အခြေအနေထဲသို့ ကျရောက်သွားပြီး ဖြစ်သည်။

၇. သို့ဖြစ်ပါသောကြောင့် ကရင်တစ်မျိုးသားလုံးလွတ်မြောက်ရေး၊ တိုင်းရင်းသားအားလုံးတန်းတူအခွင့်အရေးရရှိရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသော ဖယ်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးများအတွက် ကော်သူးလေနယ်မြေအတွင်းတိုက်ပွဲဝင်နေသော KNU/KNLA, DKBA, KNU/KNLA-PC and BGF တို့အား အောက်ပါအရေးပေါ်တိုက်တွန်းတောင်းဆိုချက်များကို လျှင်မြန်စွာတုံ့ပြန်ဆောင်ရွက်ရန် အောက်ပါလက်မှတ်ထိုးထားသော ကျွန်ုပ်တို့ကရင့်လူမှုအသိုင်းအဝိုင်း (၈၅) ဖွဲ့မှ လေးနက်စွာတိုက်တွန်းလိုက်သည်။

**(က)** စစ်အာဏာရှင်မင်းအောင်လှိုင်ဦးစီးသောစစ်အစိုးရအား တရားမဝင်သော အကြမ်းဖက်အစိုးရဟု ကရင်တော်လှန်ရေးအဖွဲ့အစည်းအားလုံးက သတ်မှတ်ရမည်။ ထို့ကြောင့် ငြိမ်းချမ်းရေး ဆွေးနွေးခြင်း၊ နိုင်ငံရေးကိစ္စရပ်များ၊ တပ်ပိုင်းဆိုင်ရာကိစ္စရပ်များနှင့်စီးပွားရေးကိစ္စရပ်များ၊ စသည့်ဆက်ဆံမှုများအပါအဝင် ယခုအာဏာရှင်စစ်အစိုးရကိုတရားဝင်ဖြစ်စေသည့်ဆက်ဆံမှုအားလုံးကို ဒီမိုကရေစီအရေးလှုပ်ရှားမှုနှင့်တိုင်းရင်းသားတို့၏ တောင်းဆိုချက်များ ပြီးပြည့်စုံခြင်းမရှိမခြင်း ရပ်ဆိုင်းရန်။ ဤလုပ်ဆောင်မှုများသည် မြန်မာပြည်တဝှမ်းရှိ စစ်အာဏာရှင်ကိုဆန့်ကျင်တော်လှန်သော တိုင်းရင်းသားလူမျိုးများအားလုံးနှင့်အတူ တစ်စိတ်တစ်ဝမ်းတည်းရပ်တည်ကြောင်းပြသရာရောက်သလို စစ်အာဏာရှင်စနစ်လျှင်မြန်စွာကျဆုံးရေးအတွက် တိုက်ပွဲဝင်နေသော ပြည်သူလူထုများ၏ လူထုအာဏာဖီဆန်လှုပ်ရှားမှု (CDM) များနှင့် နိုင်ငံတကာအဖွဲ့အစည်း

များ၏ စစ်အာဏာရှင်စနစ်အပေါ် အရေးယူဆောင်ရွက်မှုများနှင့်အတူရပ်တည်ထောက်ခံကြောင်း လည်းဖေါ်ပြရာရောက်သည်။ ဤသို့အဖက်ဖက်မှပူးပေါင်းတော်လှန်ပါက စစ်အာဏာရှင်စနစ်ကို အမြန်ဆုံးနှင့် ထာဝရကျဆုံးစေနိုင်မည်ဖြစ်သည်။ ယခုအချိန်ကာလသည် အရေးကြီးသော ဤဆုံးဖြတ်ချက်ကိုချရတော့မည့် အချိန်ဖြစ်သည်။ ပြည်သူများ၊ အထူးသဖြင့် လူငယ်များ ရှေ့တန်းတွင်ရဲဝံ့စွာ တော်လှန်တိုက်ပွဲဆင်နွဲနေပြီးဖြစ်သည်။

**(ခ)** ကရင့်လက်ကိုင်အဖွဲ့များအားလုံး ပိုမိုကျစ်လစ်ခိုင်မာစွာ လက်တွဲပူးပေါင်းပြီး မိမိတို့ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသောနယ်မြေများကိုထိန်းချုပ်ကာကွယ်ရန်နှင့် ကရင်ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်အား ကာကွယ်ရန်၊ ဒါ့အပြင် လက်ရှိ မြန်မာ့တပ်မတော်ကြောင့် ညောင်လေးပင်နှင့် မူတြော်ခရိုင်တို့တွင် ထိတ်လန့်ကြောက်ရွံ့စွာ ထွက်ပြေးတိမ်းရှောင်နေရသော ကရင်ပြည်သူ ၅၀၀၀ ကျော်တို့အတွက် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်မှ ပြတ်ပြတ်သားသား ကိုင်တွယ်ရန်။

**(ဂ)** ကရင့်လက်နက်ကိုင်အဖွဲ့အားလုံးစုပေါင်းလက်တွဲပြီး အချင်းချင်း စစ်ရေးထိတွေ့မှုကို ရှောင်ရှားရန်၊ “မိမိလူထုတစ်ဦးတစ် ယောက်ကိုထိလျှင် တမျိုးသားလုံးကို ထိသည့်အလား” အမျိုးသားစိတ်ဓါတ်ထားရှိရန်၊ ကရင့်အလံတော်တခုတည်းအောက်တွင်ရှိသော ကော်သူးလေတပ်မတော်တခုတည်းအဖြစ် စုစည်းချီတက်ရန်။

**(ဃ)** နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်လုပ်ဆောင်ရန် ခက်ခဲလာနေသောအချိန်တွင် အခြားတိုင်းရင်းသားတော်လှန်ရေးလက်နက်ကိုင်အင်အားစုများနှင့်လက်တွဲကာ မိမိတို့၏ နိုင်ငံရေးနှင့်စစ်ရေးမဟာမိတ်ကို ပိုမိုခိုင်မာတောင့်တင်းအောင် ပြန်လည်တည်ဆောက်ရန်။

**(င)** လက်ရှိတနိုင်ငံလုံးတွင် လုပ်ဆောင်နေသည့် ပြည်သူများ၏ ဒီမိုကရေစီအရေးနှင့် စစ်အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုများနှင့်အတူ ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သားသား ရပ်တည်ထောက်ခံရန်၊ မိမိတို့တတ်နိုင်သည့်ကဏ္ဍမှ ပြည်သူနှင့်အတူအကောင်းဆုံးပူးပေါင်းဆောင်ရွက်ရန်၊ လိုအပ်လျှင် ပြည်သူများ၏ အသက်လုံခြုံရေးကို ဝန်းရံကာကွယ်ပေးရန်၊ ကြားဖြတ်အစိုးရနှင့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲပြဌာန်းပြီးသည်အထိ ပြည်သူများနှင့်တသားတည်းပူးပေါင်းပါဝင်လုပ်ဆောင်ရန် လေးနက်စွာတိုက်တွန်းလိုက်သည်။

## ပါဝင်လက်မှတ်ထိုးတောင်းဆိုသော ကရင်လူမှုအဖွဲ့အစည်းများ

1. Alone Karen Community
2. Burma Medical Association
3. Back Pack Health Worker Team
4. Bethesda Home Education Center
5. Bogalay Karen Community
6. Calgary Karen Community (CKCA)
7. Candle Light (ပနုဲတာကပေါ်)
8. Edmonton Karen Community Youth Organization
9. European Karen Network
10. Hlaingbwe Youth
11. International Karen Organization (IKO)
12. Insein Karen Community
13. Karen Community of Canada (KCC)
14. Karen Community Society of British Columbia (KCSBC)
15. Karen Community of Lethbridge
16. Karen Community of Regina
17. Karen Community of Saskatoon
18. Karen Community of Winnipeg
19. Karen Community of Thunderbay
20. Karen Community of Toronto
21. Karen Community of Kitchener &Waterloo
22. Karen Community of Hamilton
23. Karen Community of London
24. Karen Community of Windsor
25. Karen Community of Leamington
26. Karen Community of Ottawa
27. Karen Community of Ireland
28. Karen Community of Israel
29. Karen Community of Finland
30. Karen Community of Czech Republic
31. Karen Community of Norway
32. Karen Community of Utica New York (USA)
33. Kyautkyi Development Watch
34. Karen Environmental and Social Action Network
35. Karen Grassroots Women Network
36. Karen Human Rights Group
37. Karen-Korea Joint Mission and Education Center
38. Korea Karen Organization
39. Korea Karen Youth Organization

40. Karen Organization for Relief and Development
41. Karen Peace Support Network
42. Karen Rivers Watch
43. Karen Refugee Committee
44. Karen Swedish Community
45. Karen Student Association-CMU
46. Karen Student Association
47. Karen Student Network Group
48. Karen Teacher Working Group
49. Karen Thai Group (KTG)
50. Karen Women Organization
51. Karen Women Empowerment Group
52. Karen Youth-Yangon
53. Karen Youth Network
54. Karen Youth of Toronto
55. Karen Youth of Norway
56. Kayin State MATA
57. Kayin FLEGT Working Group
58. Minglardon Karen Community
59. Oversea Karen Organization Japan
60. Pathein East Learning Center
61. Southern Youth Group
62. Thwee Community Development Network
63. Tawwin Thazin Women Group
64. Trip Net
65. Taw Naw Green Network
66. ပဝလူထုအခြေပြုရေရှည်တည်တဲ့ခိုင်မြဲရေးကော်မတီ
67. ပုလောဌာနေတိုင်းရင်းသားချိတ်ဆက်မှုကော်မတီ
68. ခိုင်မြဲသစ္စာဖြိုးရေးကော်မတီ
69. အနာဂါတ်အလင်းဖွံ့ဖြိုးရေးကော်မတီ
70. အလင်းသစ္စာဖွံ့ဖြိုးရေးကော်မတီ
71. အလင်းရောင်ပန်းတိုင်ဖွံ့ဖြိုးရေးကော်မတီ
72. ရေးအေးမိတ်ဖက်ဖွံ့ဖြိုးကော်မတီ
73. အနာဂါတ်အားမာန်ဖွံ့ဖြိုးရေးကော်မတီ
74. ရှမ်းထင်းမယ် ဖွံ့ဖြိုးရေးကော်မတီ
75. အာဂါတ်ရောင်ခြည်ဖွံ့ဖြိုးရေးကော်မတီ
76. ရန်ကုန်တိုင်းမြောက်ပိုင်းကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့

77. တိုက်ကြီးမြို့နယ် စာပေယဉ်ကျေးမှုအဖွဲ့
78. လက်ပြန်ဒိုးကရင်ပြည်သူလူထု
79. ထေါ်ဝါးလူကရင်ပြည်သူလူထု
80. စစ်တောင်းသံစဉ်ဒေသခံအပစ်အခတ်စောင့်ကြည့်ရေးအဖွဲ့
81. သဘာဝချစ်သူများအဖွဲ့ (ဘောကထဒေသ)
82. မုန်းချောင်းချစ်သူအဖွဲ့
83. သံလွင်ကွန်ယက်အဖွဲ့
84. မရင်းကုန်းလူငယ်အဖွဲ့
85. ကျုံဒုံးဖွံ့ဖြိုးရေးအဖွဲ့

**ဆက်သွယ်ရန်**

၁။ နော်ဝါးခူရှီး +66 (0)861182261

၂။ စောသူးဘီး +66 (0)967656615